ဝူယန်ကျေးရွာ
ဝူယန်ကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်
ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲရေးသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝူယန်ကျေးရွာ၊ဝိုင်းမော်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ် ၊နိုဝင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဝူယန်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဝိုင်းမော်မြို့နယ် ၈

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၉

(၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(၈) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(၈၂) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၇

(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၂၀
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ
ဇယား-၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား-၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား-၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားနှုန်းထား
ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား-၅ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား-၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား-၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား-၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား-၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား-၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား-၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား-၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ

ဇယား-၂၅ ရွှေ့ပြောင်းသွာလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား-၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန့်ပို့ငွေ
ဇယား-၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊စျေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား-၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား-၃၁ ကျောင်းတက်နှုန်း
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား-၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား-၃၄ အဖြစ်များသော ရောဂါများ
ဇယား-၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား-၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား-၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား-၃၈ အိမ်သာအမျိုးအစား
ဇယား-၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား-၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား-၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား-၄၆ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား-၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

STD လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းကဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု


အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

နိုဝင်ဘာလ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဝူယန်ကျေးရွာ
ဝိုင်းမော်မြို့နယ်

ဝူယန်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့ ၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေ ရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့ အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤတို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါ သည်။

(၂)ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဝူယန်ကျေးရွာသည် ကချင်ပြည်နယ် ဝိုင်းမော်မြို့နှင့် (၅)မိုင်ခန့်အကွာတွင် တည်ရှိပြီး ဆက် သွယ်သွားလာမှု လွယ်ကူသည်။ အုပ်ချုပ်ရေးရုံးနှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှ (၈၀")မှ(၁၀၀") ဝန်းကျင် တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်တင့်အထောက်အကူပြုသည့်လယ်မြေကို ဝါရှောင်ဆည်ရေသောက်ဖြင့် စိုက်ပျိုးကြပြီး မိုးရေဖြင့် စိုက်ပျိုးသောလယ်မြေများလည်း အများအပြား ရှိသည်။ ကျေးရွာအနီးတွင် တော၊တောင်၊ချောင်း၊အင်းအိုင်များစွာရှိပြီး ကုန်းမြင့်ဒေသများ တောင်ယာ စပါးစိုက်ပျိုးခြင်းနှင့်ပြောင်း၊နှမ်း၊အခြားသီးနှံများ စိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်

ဝူယန်ကျေးရွာ၏ လယ်ယာမြေသည် မြေဆီအသင့်တင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ စိုက်ပျိုးထားရှိသော သစ်ပင်သစ်တောများရှိကြပြီး ဆည်ရေစိုက်ပျိုး ကေမှာ (၂၄၉၇)ကေ၊ မိုးရေစိုက်ပျိုးက(၁၈၃၀)ခန့်ရှိသည်နှင့် မြစ်ချောင်းဘေး တစ်လျှောက်တွင် ပြောင်း၊ နှမ်းစသည့် သီးနှံစိုက်ပျိုးကြသည်။

(၃)ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

အိမ်ထောင်စုပေါင်း (၉၃၃)စုရှိပြီး အိမ်ခြေ(၉၅၉)၊ကျား(၂၅၂၃)ဦး၊မ(၂၈၄၇)ဦးဖြင့် စုစုပေါင်း လူဦးရေစုစုပေါင်း(၅၃၇၀)ဦးရှိပါသည်။ ကျေးရွာတွင် လူမျိုးပေါင်းစုံနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် ကျေးရွာရှိ လူဦးရေပေါင်း၏(၄၀%))ခန့်မှာ အလုပ်လုပ်နိုင်သည့် လူ သားအရင်းမြစ်ကောင်း တစ်ရပ် ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင် နိုင်သည်။ အမျိုးသမီးအလုပ်လုပ်နိုင်သော လူဦးရေသည် (၅၀%)ရှိပါသည်။

(ခ)**စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၃၃%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် ခံယူကြီးပြီး(၉%)သည် ချမ်းသာသည့် အဆင့်၊(၂၈%)သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုတို့ကြောင့် စီးပွားရေးအနေအထားမှာ နိမ့်သည်ဟု ပြောနိုင်သည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေး ကြေးရေး အသင့်တင့်အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများသည် လက်လုပ်လက်စားမြေယာမဲ့နှင့် ဆောက်လုပ်ရေးလုပ်သား အိမ်ထောင်စု များပါဝင်သည်။ နေ့စားများ၊လက်သမားများ၊ပန်းရံများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက်မြင့်မားပြီး (၅၈%)အထိ ရှိကာ ဆင်းရဲ၊အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကား၊ ဆန်ကြိတ်စက်၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေ ရရှိ၍ လုပ်ကိုင်နေကြပါသည်။ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၇၅)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၂၇%)မှာ ချေးငှားပြီးမှ ဝမ်းစာအတွက် အသုံးပြုနိုင်ကြောင်း၊ (၃၅%)မှာ သူတစ်ပါးထံမှ မချေးငှားဘဲ (၃)လ ခန့် စားသုံး နိုင်ကြသည်။အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၁၀၀၀၀၀)ကျပ်မှ (၁၅၀၀၀၀၀) ကျပ်အထိ အကြွေးတင်ရှိနေကြပြီး အိမ်ထောင်စုအားလုံး၏ (၆.၆၂%)ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၇)ဦးနှင့်မိသားစုဦးရေ နည်းသူများ ဖြစ်သည်။ သက်ကြီးရွယ်အို(၆၅)ဦးတို့သည် ရွာမှအပြင်သို့ သွား၍အလုပ်လုပ်ကိုင်ကြရသည်။လူငယ်လူရွယ်များမှာ မူးယစ်ဆေးဝါးများနှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ ဖြစ်ပွားတတ် ကြသည်။

ယခုနှစ်ပိုင်းတွင် အဝေးပြေးကားလမ်းပေါ် ယာဉ်မတော်တဆဖြစ်ပွားမှု(၆)မှု ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများနှင့် သေဆုံးမှုများရှိခဲ့သည်။

(ဃ)**ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။သွေးလွန်တုပ်ကွေး ရောဂါမှာယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှု မရှိကြောင်း တွေ့ရသည်။ဝမ်းပျက်ဝမ်းလျှောရောင်ကြပ်ချောင်းဆိုးနှင့်ရိုးရိုးတုပ်ကွေးများ ဖြစ်ကြသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်း ရရှိနိုင်ကြပြီး ကျေးရွာအလယ်ဗဟိုတွင် ရှိသည်။ မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လက်လှမ်းမှီမှုရှိသည်။

(c)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အားနည်းမှုရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အလွန်နည်းပါးသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊အလယ်တန်းကျောင်း ခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသမီးအရေအတွက်သည် အမျိုးသားများထက် လူဦးရေပိုမိုများပြားကြောင်း တွေ့ရသည်။ ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် တန်းတူဖြစ်သည်။ ကျား/မ အင်အားစိုက်ထုတ်မှုနှင့် လုပ်အားခငွေများမှာလည်း တန်းတူရရှိကြပါသည်။

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၄)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးဆိုင်ရာ အဖွဲ့(၂)ဖွဲ့ရှိပြီး ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းသည်။ အရံမီးသတ်ဖွဲ့လှုပ်ရှားမှုအသင့်တင့်ရှိပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့လည်း အသင့်တင့်ရှိကြသည်။ ကျေးရွာအသေးစားငွေစုငွေချေးများကို ဆောင်ရွက်ခြင်းနှင့်မြစိမ်းရောင် စီမံကိန်း လည်ပတ်ရန်ပုံငွေများမှလည်းရင်းနှီးငွေများရရှိနိုင်သည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြား

ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်း မွန်လာနိုင်ပါသည်။

(ခ)**သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြပြီး ပဲ၊နှမ်းနှင့်ပြောင်းတို့ကိုလည်း အနည်းငယ် စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ကေ (၃၅၀၉)ကေရှိပြီး နှမ်း၊ပဲပုတ်၊ပြောင်းစသည်တို့မှာ (၂၅၀)ကေခန့်သာ ရှိသည်။ နွေစပါးစိုက်ပျိုးမှုမရှိကြပါ။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပါသည်။ လယ်ယာမြေလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရပြီး လုပ်အားခပိုမိုများပြား၍ ကုန်ကျစရိတ်များလာသည်။ ကျေးရွာတွင် ဝက်မွေးခြင်း (၁)ကောင်မှ (၃)ကောင်ထိကို တစ်ပိုင်တစ်နိုင် မွေးမြူသူအများစုရှိသည်။ အသေးစားကြက်မွေးမြူသူမှာ(၃)ဦးသာရှိပြီး ဒေသကြက်ကို အိမ်တိုင်းတွင် (၅)ကောင်မှ (၁၀၀)ကောင်ထိ မွေးမြူကြပါသည်။ ရာသီအလိုက် ဖြစ်ပွားသော ကြက်လည်လိမ် ရောဂါအဖြစ်များပြီး သေဆုံးပျက်ဆီးမှု များရှိသည်။ ဝက်များတွင်လည်း ရောဂါကျရောက်မှုရှိပြီး တိရစ္ဆာန်မွေးမြူရန် အဟန့်အတားဖြစ်သည်။ ဆင်းရဲသောအိမ်ထောင်စုများမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရန် ချေးငွေများကို အလွယ်တကူမရရှိနိုင်ခြင်းနှင့် ငါးမွေးမြူရန်အတွက် အင်းများရှိသော်လည်း အင်း/ကန်ပြင်နိုင်ရန် ခက်ခဲ၍ ငါးမွေးမြူရေးလုပ်ငန်းမရှိပါ။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊စျေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်း အနည်းငယ်ရှိသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်တင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။အချို့အသက်မွေးဝမ်းကျောင်းမှာ အပ်ချုပ်၊ဆံပင်အလှပြင်၊မုန့်လုပ်ငန်း မော်တော်ဆိုင်ကယ်ပြင်ခြင်းစသည့်အလုပ်များကို လုပ်ကိုင်ကြပြီး နည်းပညာသက်ကျွမ်းမှုနည်းပါ သည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးစိုက်ပျိုးခင်းများ၌ ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်

လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိ ပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကျေးရွာမုန်တိုင်းအန္တရာယ်နည်းပါးခြင်း ရေကြီးရေလျှံမှု နည်းခြင်းတို့ကြောင့် သဘာဝအန္တရာယ်ကျ ရောက်မှုနည်းပါးသည်။

(c)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို (၁)နှစ် အတိုးနှုန်း(၁%)ကျပ်တိုး၊(၁)ကေလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် သမဝါယမအဖွဲ့အသင်းဝင် စုစုပေါင်း(၂၉၀)ဦးရှိကာ အတိုးနှုန်း(၂%)နှုန်းဖြင့် အသင်းဝင်များ ငွေချေး ယူနိုင်ကြသည်။မြစိမ်းရောင်စီမံကိန်းရင်းနှီးမတည်ငွေမှ အတိုးနှုန်(၁.၅%)နှုန်းဖြင့်ပြန်လည်ပေးဆပ်ချိန်တွင် အချိန် မှီ ပေးဆပ်ရန်စည်းကမ်းသတ်မှတ်ထားသည်။ အချို့အိမ်ထောင်စုများတွင် ရွာထဲရှိ ငွေတိုးချေးသူထံမှ (၁၀)ကျပ် နှုန်းဖြင့် ချေးငွေများရယူကြသည်။ကျေးရွာသားများသည် ငွေများကို အကြောင်းမျိုးစုံဖြင့် ချေးယူသုံးစွဲကြသည်။ အထူးသဖြင့် ကျန်းမာရေး၊ပညာရေး တို့အတွက် အဓိကချေးယူကြသည်။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အခြေခံမူလတန်းကျောင်းရှိ၍ သွပ်မိုး၊အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ ကျေးရွာရှိ (၇၅%)မှာ ရေးတတ်ဖတ်တတ်ကြပြီး မူလတန်း ပညာရေးအဆင့်ကို တတ် မြောက်သူ (၅၀%)ရှိ၍ အလယ်တန်းတတ်မြောက်သူ(၂၅%) တတ်မြောက်ကြပြီး ကျောင်းတွင် ပရိဘောဂ လုံလောက်မှု မရှိခြင်းနှင့် ဆရာ/မ လုံလောက်မှုအားနည်းသည်။ ကျောင်းဖွင့်ချိန်တွင် မူလတန်းနှင့်အလယ်တန်း အထိ အခမဲ့ပုံပိုးမှုရရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ဆေးပေးခန်းတွင် အရံသားဖွားဆရာမ(၂)ဦး ရှိပါသည်။ကျေးရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုမှာ အသင့်တင့်ရှိပါသည်။

သောက်သုံးရေအတွက် အိမ်တိုင်းလက်တူးတွင်းများရှိသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအနေဖြင့် အိမ် သာကို ရေလောင်းအိမ်သားဖြင့် အသုံးပြုကြသူများပြီး အဆင်ပြေသောအိမ်ထောင်စုများက ယင်လုံအိမ်သာ ကျင်းကိုအုတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ကျောင်းအိမ်သာများမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်း သူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။သူတို့သည်ကျေးရွာရှိလူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့်

တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော် ဆောင်ခြင်းမရှိသေးပါ။

(ဇ)အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင်း ၂၀၁၅ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဆေးခန်းများပြုပြင်ထားရှိပြီး ၂၀၁၆ခုနှစ်တွင် (၁၃၀'x၃၀'x၁၂')ပေရှိ ကျောင်းကြီးတစ်ဆောင်တည်ဆောက်ထားပါသည်။(၂၀၁၄မှ ၂၀၁၆)ခုနှစ် အတွင်း ရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းစုစုပေါင်း(၇၀၀၀)ပေကို လွှတ်တော်ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ခင်းကျင်းပေးခဲ့ပါသည်။ဆည်ဖြတ်ကူးကွန်ကရစ်တံတား(၃)ခုကိုမြို့နယ်ဆည်မြောင်းဦးစီးဌာနမှတည်ဆောက်ပေးပြီး ကုန်ထုတ်တံတား(၃၀'x၁၂'x၁၅')ပေအား တံတားတည်ဆောက်ထားသည်။သို့သော် ကျေးရွာတွင်း တံတားများလိုအပ်မှုများစွာ ရှိသေးကြောင်းတွေ့ရှိရသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ် ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိ နိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းနှင့် အလှမ်းဝေး၍ ရာဇဝတ်မှုများ အလွယ်တကူထိန်းချုပ်ရန် အားနည်းသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များသည် အလုပ်လုပ်နိုင်သောအရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အလွန်နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး တိုးတက်ကောင်းမွန်စေပါမည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ဝိုင်းမော်မြို့

နှင့် မြစ်ကြီးနားမြို့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့်ပုံပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းသော အဆင့်တွင်ရှိ နေကြသည်။

(ခ)**အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်တင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအ တွက် အထွက်နှုန်းတိုးမြှင့် အောင် အားစိုက်ရမည်ဖြစ်ပါသည်။

သုံးဆယ်ရေလှောင်တမံမှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်းနောက်ပိုင်းတွင် ရေသွယ်မြောင်းတိုးချဲ့ဆောက် လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ကေတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးပါ။ တောင်သူ/လယ်သမားများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားသည်။

ဘဏ်များမှ ကျေးရွာအလိုက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စု များမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်ခဲကြုံတွေ့ရတတ်သည်။ကျေးရွာတွင်အိမ်တွင်းမှု ထုတ်လုပ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပံ့မှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်း အိမ်တွင်း မှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်းကြမ်း၊ အတတ်ပညာနှင့်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုအားနည်းသည်။

၆။ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလ အတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာ သင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရေးရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

(ခ)**အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေး မည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများမှတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ် လုပ်မှုတိုးတကစေမည်။

(ခ-၂)ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းဆောင်၊စာသင်ဆောင်တိုးချဲ့ခြင်း၊ ဆရာမ နေအိမ်ဆောက်လုပ်ခြင်း၊အားကစားကွင်းပြုလုပ်ပေးခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေး အတွက်ဆောင်ရွက်သည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီးအထက်တန်းကျောင်းခွဲထပ်မံတိုးမြှင့်ပေးရန် ဘာသာရပ် အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့်လိုအပ်သော ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင်ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင် စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိ အောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထား

ပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည် ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ် ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွား နိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုး ရေး စီမံချက်များ ပြင်ဆင်ရန်ဖြစ်သည်။

(ခ) **စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုး နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနဖြစ်သော စိုက်ပျိုးရေးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။

(ဂ)**ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဃ) **ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးနိုင်မည့်အလားအလာရှိပြီးအလုပ် အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင် အားနည်းပါ သည်။ကျေးရွာတစ်ခုလုံး၏ ကွဲပြား နေသော လုပ်ငန်းများ (ကုန်ထုတ် ခြင်း၊ စက်မှုလက်မှုလုပ်ငန်း)များအတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီ မံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းနိုင်ရန်ဖြစ်သည်။

(c) **ကျေးလက်စျေးဆောက်လုပ်ရေး**

ကျေးရွာတွင် မနက်စျေးရှိပါသည်။ လူကြီးခရီးစဉ်ရှိပါက စျေးရောင်းချခြင်းကို ရွှေ့ဆိုင်းထား ရသည်။ သို့သော်စနစ်တကျတည်ဆောက်ထားခြင်းမရှိသောကြောင့် မနက်မှ နေ့ထိရောင်းချနိုင်ရန်အတွက် စျေးဆိုင်ခန်း များတည်ဆောက်ပေးရန် လိုအပ်ပါသည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘော တရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာစီမံချက်ကာလ အတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော် မှုဆိုင်ရာ အဓိကတွက်ချက်မှုများဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက(၅)နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊(၃)နှစ် ကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း(၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက် ထပ် ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထား သည့် (၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါ မည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာ နှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ် ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး၊ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင် ရည်မြင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ					
ကဏ္ဍ	**စီမံချက်**	**ရမှတ်ပေါင်း**	**အဆင့်**	**စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက်**	**မှတ်ချက်**
စိုက်ပျိုးရေးကဏ္ဍ စိုက်ပျိုးရေးသွင်းအားစုနှင့် နည်းပညာသင်တန်း	၂။စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၇၅	၅	-စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးဟောပြောပို့ချခြင်း -စိုက်ဘဏ်မှချေးငွေကာလတိုးမြှင့်ပေးရန် -စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးရန် တောင်းခံခြင်း -စိုက်ပျိုးရေးသွင်းအားစုဆက်သွယ်မှုရရှိရန်တောင်းခံခြင်း -စိုက်ပျိုးရေးအတွက် ရင်းနှီးမတည်ငွေများလုံလောက်စွာ ရရှိရေး -စက်ကိရိယာ(ကွန်ဒေါင်း)များအရစ်ကျ ဝယ်ယူနိုင်ရေး	စိုက်ပျိုးရေး ဦးစီးဌာန စက်မှုလယ်ယာဦးစီးဌာန
အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း	၄။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၆၅	၇	-ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း (စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်) -အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးမှု တင်ပြတောင်းဆိုခြင်း -အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းသက်ဆိုင်သောမူဝါဒ၊နိုင်ငံခြားသို့ အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊မူဝါဒ	ကျေးလက်ဦးစီးဌာန NGOအဖွဲ့အစည်းများ
ပညာရေးကလေးပညာ	၆။ကျေးရွာ၏ ပညာ	၉၀	၂	-ကျေးရွာ၏ ပညာရေးတိုးတက်ရန်အတွက် သင်ထောက်ကူပစ္စည်း၊ ဆရာမအဆောင်များပံ့ပိုးဆောင်ရွက်ခြင်း	ပညာရေးဦးစီးဌာန

ရေးဖွံ့ဖြိုးရေး	တတ်မြောက်မှု တိုးတက်ရေး			-ကျောင်းဆောင်များပြုပြင်ခြင်း -ကျောင်းဝန်းများလုံခြုံစေရန် ကျောင်းအုတ်တံတိုင်းကာရန် တောင်းခံခြင်း	NGOအဖွဲ့အစည်းများ
မူးယစ်ဆေးဝါးပပျောက်ရေး	၈။ကျေးရွာရှိ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးစေရေး	၇၀	၆	-ပြည်ထဲရေးဌာနသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက် တောင်းခံခြင်း -တိုက်ဖျက်ရန်ကော်မတီများဖွဲ့စည်းခြင်း -ကျန်းမာရေးဌာနသို့ မူးယစ်တိုက်ဖျက်ရေးဟောပြောပွဲများလာရောက်ပြုလုပ်ရန် တောင်းခံခြင်း	အထွေ့အုပ်ချုပ်ရေးဦးစီးဌာန
လမ်းပန်းဆက်သွယ်ရေး လမ်း၊တံတားကောင်းမွန်လာစေရေး	၉။ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး	၈၅ ၉၅	၃ ၁	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတွင်းမြေသားလမ်းများပြုပြင်ခြင်း -ကျေးရွာကုန်ထုတ်လမ်း/တံတားများတည်ဆောက်ခြင်း -ကွန်ကရစ်တံတားများတည်ဆောက်ခြင်း	ကျေးလက်ဦးစီးဌာန
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၁။သောက်သုံးရေရရှိလာစေရေး	၈၀	၄	-ကျေးရွာတွင်း တစ်နှစ်ပတ်လုံးရေရရှိစေရန် ရေတွင်းတွင်းများတောင်းခံခြင်း	ကျေးလက်ဦးစီးဌာန
ကျန်းမာရေး	ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး		၄	-ကျေးရွာယင်လုံအိမ်သာများတည်ဆောက်ခြင်း	ကျေးလက်ဦးစီးဌာန

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	**စီမံချက်(Project)**	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာကုန်ထုတ်လမ်း/တံတားတိုးတက်လာစေရေး	၁		A	A	A	
၂	ကျောင်းပညာရေးတိုးတက်ရေး	၂		A	A	A	
၃	ကျေးရာတွင်းလမ်းများ ကောင်းမွန်စေရေး	၃			A	A	A
၄	ကျေးရွာတွင်း သောက်သုံးရေလုံလောက် စေရေး	၄			A	A	A
၅	ကျေးလက်အိမ်သာများကောင်းမွန်စေရေး	၅			A	A	A
၆	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများ တိုးတက်ရေး	၆		A	A	A	A
၇	လူငယ်များစွမ်းဆောင်ရည်တိုးတက်လာစေရေး	၇			A	A	
၈	ဘဏ်ငွေစု/ငွေချေးများ ပိုမိုရရှိစေရေး	၈			A	A	A

၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့

စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	မူးယစ်ဆေးဝါးပပျောက်ရေး	✓				
၂	ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရေး			✓		
၃	ပို့ဆောင်ရေး အခြေခံအဆောက်အဦများ တိုးတက် လာစေရေး	✓				
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး		✓			
၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတကျွမ်းကျင်မှုများ တိုးတက်ရေး		✓			
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက် ရေး			✓		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး				✓	
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					✓
၉	သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး			✓		

၁၀	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင် ပေးရေး				✓	

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ)**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုအပ်ပါမည်။ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာထုတ်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနှင့်ဝင်းလမ်း၊ တံတား အထောက်အကူပြုအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ)**ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင် ၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကျေးရွာကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့် ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်သွားပါမည်။

(၁၁)**စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

